
စိတ်ကူးချိုချိုအနုပညာ

# ဖြေနှိပ်ဖော်ဒြောင်

## ပီတာဇော်မြင့်

ဘာသာပြန်ပါသည်



ဒုတိယအကြိမ်ဖြည့်စွက်ရိုက်နှိပ်ခြင်း





ပီတာဇော်မြင့်။ အလကားကောင်၊ ဆယ်တန်းတောင် မအောင်။
တောင်သမုဒ္ဒရာအလယ် ကျွန်းကလေးတစ်ကျွန်းပေါ်မှာ နေ၏။
အရာရာမှာ စပ်စပ်စပ်စပ်နှင့် ထင်ရာမြင်ရာ လျှောက်လုပ်သူ ဖြစ်၏။
လုပ်သမျှ ဘာတစ်ခုမှ မဟုတ်။ ပေါက်ကရ ပြော၏။ ပေါက်ကရ ကြံစည်၏။
အိပ်နည်းအသစ်ကို တီထွင်မည်ဆိုကာ မျက်စိကို ဖွင့်၍အိပ်၏။ အိပ်မရ။
မျက်လုံးတွေ ရောင်လာ၏။

ညကြီးမင်းကြီး ထပြီးထိုင်နေ မျက်လုံးတွေလည်း တွန့်ကြေမွလိပ်
သိပ်စိတ်ညစ်တယ် ပီတာရယ်။

zza0014

1200.00 Ks

mgyoe.com

ဗီတာဇော်မြင့်သဘောပေါက်ပါသည်၊ ဇော်ဇော်အောင်
မျက်နှာဖုံးနှင့်အတွင်းသရုပ်ဖော်-ကေစာချို၊ စာမျက်နှာ ၈၂ မျက်နှာ၊ ၁၃ စင်တီ × ၂၀.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းညို၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း ရန်ကင်း။
၂၀၁၆၊ ဩဂုတ်လ၊ ဒုတိယအကြိမ်ပြည့်စွက်ရိုက်နှိပ်ခြင်း အုပ်ရေ ၅၀၀၊
၂၀၀၀ပြည့်နှစ် ဒီရေဦးစာအုပ်တိုက်၏ပထမအကြိမ်မူ၊

ရောင်းဈေး ၁၂၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ပိတာဇော်မြင့် သဘောပေါက်ပါသည်

ဇော်ဇော်အောင်

ဒုတိယအကြိမ်ဖြည့်စွက်ရိုက်နှိပ်ခြင်း။ ၂၀၀၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


၁။ လက်ဖက်ရည်ဆိုင်ဖွင့်၍ ပီတာဇော်မြင့် ရှုးသွားခြင်း ၁

၂။ ပီတာဇော်မြင့်ထံမှာ လာယူပါ ၉

၃။ မေခလာနှင့် ပီတာဇော်မြင့် ၁၇

၄။ ပီတာဇော်မြင့်၏ ပြုပြင်၍မရသော အမှားများ ၂၃

၅။ အပြောအပြောကောင်း၍ ပီတာဇော်မြင့် သွားကျိုးခြင်း ၂၉

၆။ ဦးပုညနှင့် ပီတာဇော်မြင့် ၃၅

၇။ ပီတာဇော်မြင့် သဘောပေါက်ပါသည် ၄၃

၈။ ပီတာဇော်မြင့် ဗီဒီယိုရိုက်ခြင်း ၅၁

၉။ ပီတာဇော်မြင့်နှင့် သူ့ဘကြီးကွမ်းအစ် ၅၇

၁၀။ စတားဝါး ပီတာဇော်မြင့် ၆၃

၁၁။ ဥုံဖွ ပီတာပီတာဇော်မြင့် ၇၅


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

ဇော်ဇော်အောင်၏ အမှာ
[ ပထမအကြိမ် ]

"ပီတာဇော်မြင့်" ဝတ္ထုများ ရေးခဲ့တာကြာပြီ။

ပန်၊ ဒဂုံ၊ သဘင်၊ ချယ်ရီ၊ ရှုမဝ မဂ္ဂဇင်းများတွင် ပြန့်ကျဲနေသော ဝတ္ထုများကို စုစည်း၍ ယခင် "သဘင်" မဂ္ဂဇင်းမှ ထုတ်ဝေဖူးပါသည်။ ယခုတစ်ဖန် ဒုတိယအကြိမ် ရသရွှေ့ စုစည်းထုတ်ဝေလိုက်ပါသည်။ ယခင် မဂ္ဂဇင်း အယ်ဒီတာများ၊ ထုတ်ဝေသူများကို ကျေးဇူးတင်ပါသည်။ ယခုထုတ်ဝေသူ "ဒီရေဦးစာပေ"မှ ပန်းချီဆရာ "အေးကို" နှင့် အစစ သေတ္တာမှောက်ဆောင်ရွက်သော "သိမ်းတင် သား" ကိုလည်း ကျေးဇူးတင်ပါသည်။ ဤဝတ္ထုများကို ပြုပြင်ပြောင်းလဲ ဖြည့်စွက်ခြင်းမရှိပါ။

တစ်ခုပဲ ပြောစရာ ရှိပါသည်။

ဝတ္ထုရေးသူက သူ့အပေါင်းအသင်း ချစ်ခင်သူများ ကို ဝတ္ထုထဲမှာ ထည့်ရေးခြင်းသည် ဖြစ်ရိုးဖြစ်စဉ် ရှိခဲ့သည်မှာ ကြာပြီ။

ကျွန်တော်လည်း သည်လိုပဲ ရေးခဲ့ပါသည်။

သို့သော် ယခု လူတစ်ယောက်၏အမည်ကို ပြောင်းလဲ လိုက်ပါသည်။


ထိုသူကို ကျွန်တော် မနှစ်မြို့တော့သောကြောင့် ဖြစ်ပါသည်။

နာမည်တစ်လုံး ပြောင်းသည်မှအပ ယခင်အတိုင်း "ပီတာဇော်မြင့်" ကို တင်ဆက်လိုက်ပါသည်။ ။

mgyoe.com

mgyoe.com

mgyoe.com



mgyoe.com
mgyoe.com

mgyoe.com


## လက်ဖက်ရည်ဆိုင်ဖွင့်၍ ပီတာဇော်မြင့် ရှုံးသွားခြင်း

ဆိုင်နှင့်ဖွင့်တော့ တီးရှော့(ပ)၊ အိမ်မှာဖွင့်တော့ တီးဟောက်(စ်)၊ ဥယျာဉ်ပန်းခြံထဲမှာဖွင့်တော့ တီးဂါးဒင်း၊ လမ်းဘေးပလက်ဖောင်းပေါ်မှာ ဖွင့်တော့ တီးပလက်ဖောင်း။ မောင်ပီတာ လက်ဖက်ရည်ဆိုင် ဖွင့်ထားသည်။ ကမ်းနားဘက် တစ်နေရာ၊ ရုံးကန်ကနားကြီးတွေ၊ ဘဏ်တိုက်ကြီးတွေနှင့် မနီးမဝေး။ အခွန်အခ ကျေလည်စွာဆောင်၍ သက်ဆိုင်ရာတို့က တရားဝင်ခွင့်ပြုသောနေရာ၊ ထိုနေရာတွင် ပီတာဇော်မြင့် လက်ဖက်ရည်ဆိုင်ဖွင့်၏။ ကမ်းနားဘက် ခြောက်ထပ်ရုံးကြီးနားမှာ။ ကြွရောက်အားပေး ချီးမြှင့်ကြပါ။

× × ×

ဆိုင်နာမည်က မဖွင့်ခင် ကြိုတင်စဉ်းစားသည်။ ပီတာဇော်မြင့်သည် ကောလိပ်မှာ လောဂျစ်ဘာသာ မသင်ခဲ့သော်လည်း စဉ်းစားမှုမှာ ဝါသနာပါ၏။ နာမည်ကျော်ပေ့ဆိုသော လက်ဖက်ရည်ဆိုင်တွေမှာ လူ၏အမွေးအမျှင်များ ပါနေတတ်၏။ ဥပမာ ... မုတ်ဆိတ်၊ နှုတ်ခမ်းမွေး စသည်ဖြင့် လူ့အမွေးအမျှင်တွေထဲမှာ ထိပ်ဆုံးကလည်းရှိ၊ မြင့်လည်းမြင့်မြတ်သော နာမည်ကို သူ စဉ်းစားရွေး၏။ 'ဆံထုံး' အရှေ့တောင်အာရှတွင် အကောင်းဆုံး ဒေါင်ရိပ်သာ။ နာမည်နှင့်လိုက်အောင် ရုပ်ပြအဖြစ် မိုးကုတ်က သူ့သူငယ်ချင်း ဘသန်းတင်ကို မှာယူ၏။ ဘသန်းတင်သည် တကယ့်

mgyoe.com

သျှောင်ထုံးအစစ်ရှိသူဖြစ်၏။ ငယ်စဉ်ကတည်းက မဟုတ်တာအတူလုပ်ခဲ့ကြသော ငယ်ပေါင်းသူငယ်ချင်းနှစ်ယောက်ဖြစ်၍ အတွဲညီသည်။ မောင်ပီတာက စပ်စပ်စုစု၊ ဟိုပါသည်ပါ နေရာတကာနှံ့သည်။ ရှုပ်ရှုပ်ယှက်ယှက်လုပ်တတ်သည်။ လေနှင့်အတူ လွင့်သည်။ ဘသန်းတင်က ဟိတ်ဟန်ကောင်းသည်။ မှင်မောင်းရှိသည်။ ရုပ်ပြစားရှ်ရသော ဥပမိရှိ၏။ နှစ်ယောက်စလုံး တူတာရှိသည်။ မောင်ပီတာသည် အမြဲတမ်း ပျာယီးပျာယာနှင့် ရှုပ်၏။ ဘသန်းတင်က ဟိတ်ဟန်မှင်မောင်းနှင့်ရှုပ်သည်။ အလွန်လိုက်သော သူငယ်ချင်းနှစ်ယောက်။ တီးပလက်ဖောင်း ဖွင့်ထားကြ၏။ ကြွရောက်အားပေး ချီးမြှင့်ကြပါ။

× × ×

လက်ဖက်ရည်ဆိုင်တစ်ဆိုင်အတွက် လိုအပ်သော ပစ္စည်းကိရိယာ၊ အသုံးအဆောင် ပရိဘောဂတွေအားလုံး မောင်ပီတာ ရအောင်ရှာသည်။ ဦးသန်းလွင်ဆိုသော အဘိုးကြီးထံမှ သူဝါသနာပါသော ကိစ္စတစ်ခု ဆောင်ရွက်ပေးပြီး သစ်တိုသစ်စ အလကားရအောင်လုပ်၏။ သူနေခဲ့သော မြောက်ဥက္ကလာပမှ အိမ်နီးချင်းလက်သမားဆရာထံ ဗီရိုတွန်းလှည်း၊ စားပွဲခုံအပု၊ ခွေးခြေခုံအပုလေးများ အကြွေးအလုပ်ခိုင်း၏။ ပန်းကန်ခွက်ယောက်များကို ဟိုတယ်မန်နေဂျာ မစ္စတာဘရောင်းဆိုသူထံမှ ဆွမ်းကျွေးအတွက် ခဏငှား၍ ပြန်မပေးဘဲ ရှောင်နေ၏။ အခြားမီးဖို၊ အကြမ်းကရား စတာတွေလည်း ဟိုကဆွဲ သည်ကဆွဲ။ အရာရှိကြီးတစ်ဦးဖြစ်သူ ဦးကျော်မောင်ကို ဗေဒင်အလကားဟောပေးပြီး သူ့အိမ်က နို့ဆီဘူးနှင့် နို့စိမ်းဘူးအခွံတွေ သိမ်းကျုံးတောင်းလာခဲ့၏။ ပစ္စည်းတွေ အတော်ပြည့်စုံပြီ။ လက်ဖက်ရည်ဖျော်ရန် ဇွန်းတစ်ချောင်းသာ ကျန်တော့သည်။

ထိုဇွန်းကိုတော့ မောင်ပီတာ ငွေပေး၍ဝယ်သည်။ ဘသန်းတင်ထံမှ ငါးကျပ်တန်တစ်ရွက်တောင်းသည်။ ဘသန်းတင်မှာ သည်ငါးကျပ်တန်တစ်ရွက်သာရှိသည်။ မိုးကုတ်မှာနေတုန်းက လူသူတော်ကြီးတစ်ယောက်က စီးပွားရေးကောင်းအောင် အင်းကွက်ချပေးသော အဆောင်ငါးကျပ်တန်။ မောင်ပီတာ ဇွန်းတစ်ချောင်းလေးကျပ် ပေးဝယ်၏။ တစ်ကျပ်ကျန်

mgyoe.com

တာ ဒူးယားဝယ်သောက်သည်။ သူတို့နှစ်ယောက် ဆိုင်ဖွင့်ဖြစ်ပြီ။ ကြွရောက်အားပေးချီးမြှင့်ကြပါ။

× × ×

'သျှောင်ထုံး' တီးပလက်ဖောင်း။ ဆေးစိမ်းသုတ်ထားသော ဗီရိုတွန်းလှည်းပေါ်မှာ ဦးကျော်မောင်အိမ်က တောင်းလာသော နို့ဆီဘူး၊ နို့စိမ်းဘူးအခွံတွေ အစီအရီတင်ထား၏။

အမှန်က တစ်ဖက်ဖွင့်ပြီးသား ဘူးခွံတွေ၊ ဖွင့်သောဘက်က ထိပ်ဖက်။ သံပြားကို အကုန်ပြုတ်အောင်ဖွင့်ပြီး မှောက်ထားခြင်းဖြစ်၏။ ထို့ကြောင့် မောင်ပီတာတို့ဆိုင်မှာ အစီအရီတင်ထားသော နို့ဆီ၊ နို့စိမ်းဘူးတွေ အကုန်လုံး တံဆိပ်နှင့် စာတွေ အသေအချာကြည့်လျှင် ဇောက်ထိုးတွေဖြစ်ကြောင်း တွေ့ရလိမ့်မည်။

ယခုအထိတော့ လက်ဖက်ရည်လာသောက်သူများထဲက ဘယ်သူမှ ဘူးပေါ်က တံဆိပ်နှင့်စာကို အသေအချာမကြည့်ကြသေး။ စင်စစ်တော့ လက်ဖက်ရည်ဆိုင်ကို လာရသော အကြောင်းရင်းမှာ သိပ်များများစားစား မရှိ။ လက်ဖက်ရည်သောက်ဖို့၊ ရေနွေးကြမ်းသောက်ပြီး စကားတွေ အကြာကြီးထိုင်ပြောဖို့၊ နောက်တစ်ခုက အချိန်းအချက်ရှိ၍ တစ်စုံတစ်ယောက်ကိုစောင့်ပြီး ထိုသူနှင့်အတူ လိုက်ပါသွားဖို့၊ အနှစ်ချုပ်ရလျှင် သောက်ဖို့၊ လေကန်ဖို့၊ လာခေါ်သူကို စောင့်ဖို့။

အဓိကအားဖြင့် ၎င်းကိစ္စသုံးရပ်အကြောင်းခံ၍ မောင်ပီတာ၏ တီးပလက်ဖောင်းသည် ကြက်ပျံမကျ စည်ကား၏။ လူပေါင်းစုံလာသည်၊ အလွှာပေါင်းစုံ၊ အကုန်လုံး ပေါင်းစုံလာသည်။ သိပ်စည်ကားသည်။ သိပ်ကြီးပွားတိုးတက်သည်။ ဆိုင်အကူလူငယ်သုံးယောက်ငှားရသည်။ လက်ဖက်ရည်ဖျော်သူ စပါယ်ရှယ်လစ်တစ်ယောက်ကို တစ်လလျှင် လခ 'သောင်ဖင်တူး' ပေး၍ ငှားရသည်အထိဖြစ်လာ၏။ ဘသန်းတင်သည် ညနေတိုင်း ကမ်းနားလမ်းဟိုတယ်မှာ ဝီစကီနှင့် ကြက်ကြော်၊ သို့မဟုတ် ဘီယာနှင့် ဒိန်ခဲ သုံးဆောင်လေ့ရှိ၏။ မောင်ပီတာကတော့ အရက်မသောက်တတ်။

mgyoe.com

mgyoe.com


သူသည် ဂီတသမားဖြစ်၏။ စန္ဒရား တင်ဝင်းလှိုင်နှင့် ကျောင်းနေဖက်ဟု ပြောလေ့ရှိ၏။ ဟုတ်မဟုတ်တော့ အသေအချာမသိ။ တင်ဝင်းလှိုင်ထံ 'အော်ဂင်' နှင့် သီချင်းကြီးအပုဒ်လေးဆယ်တက်ထားသည်ဟု ဆို၏။ လောလောဆယ် အော်ဂင်မဝယ်ဖြစ်သေး၍ သိမ်းရဆည်းရ၊ ကိုင်ရတွယ်ရလွယ်သော သွားလေရာ အိတ်ထောင်ထဲထည့်သွားလို့ရသော ဘာဂျာတစ်လက် ဝယ်ထား၏။ တစ်နေ့ကျရင် ကမ္ဘာ့အဆင့်မီ လူကိုးဆယ်လောက်ပါသော ပီတာဇော်မြင့်၊ ဘာဂျာအော်ခတ်စတြာသံစုံတီးဝိုင်းကြီးဖြစ်ရမည်ဟု ကြိမ်းဝါးကာ ညနေဆိုင်သိမ်းတိုင်း ဘာဂျာမှုတ်၏။

လူနှစ်ယောက် ပြောင်ပြောင်လက်လက်ဖြစ်လာပြီ။ နှစ်ထောင်ကျော်တန်ဝပ်ကင်းရှူးတို့လို လေးထောင်ကျော်တန် ဂျာကင်တို့၊ ရေးဘင်နေကာမျက်မှန်။ ဇစ်ပိုမီးခြစ်တို့ ဘာတို့ဖြစ်လာပြီ။ ယုတ်စွအဆုံး ကြွေးစာရင်းမှတ်တာတောင်မှ ငါးရာကျော်ပေးရသော ခရော့(စ) ဘောပွိုင့်နှင့် ရေးမှတ်လာသည်အထိ ဖြစ်လာပြီ။ သို့သော် မောင်ပီတာ ဘဝမမေ့။

× × ×

ဆိုင်မှာ ဘသန်းတင် ငွေသိမ်းသည်။ မောင်ပီတာက စားပွဲခုံတကာအနှံ့သွား ဟိုနားပျာယာပျာယာ သည်နားပျာယာပျာယာလုပ်၏။ လူတွေနှင့် စကားဝင်ပြော၏။ ပါးစပ်က အငြိမ်မနေ။ ပလက်ဖောင်းပေါ် ဖြတ်သွားသမျှ လူတွေကို နှုတ်ဆက်၏။ လမ်းပေါ်မောင်းသွားသော ကားပေါ်က ခရီးသည်တွေကိုတောင် တစ်ခါတစ်ခါ နေကောင်းရဲ့လား၊ နေကောင်းအောင်နေနော်၊ နေမကောင်းရင် အခံရသိပ်ဆိုးတယ်ဟု အော်နှုတ်ဆက်တတ်၏။ ရန်ကုန်မြို့ လမ်းဘေးပလက်ဖောင်းပေါ်မှာ လျှောက်နေသူတွေအားလုံး၏ ကိုးဆယ့်ကိုးရာခိုင်နှုန်းသည် သူ့အသိမိတ်ဆွေများဖြစ်ဟန်တူ၏။ ဆိုင်လာထိုင်သောလူတွေ ဝင်ရော၏။ စကားတွေ ဖောင်နေအောင် ပြော၏။ သူများပြောသော စကားများကိုလည်း စိတ်ဝင်စားစွာ နားထောင်၏။ ပီတာဇော်မြင့်ကို ကြည့်လိုက်လျှင် အမြဲတမ်း စားပွဲခုံတစ်ခုံခုံမှာ တစ်ယောက်ယောက်ကို အားရပါးရ စကားပြောနေသည် (သို့မဟုတ်) တစ်ယောက်ယောက် အားရပါးရ စကားပြောနေသည်ကို မျက်နှာအမူအရာ အမျိုးမျိုး

mgyoe.com

mgyoe.com


လုပ်၍ အလွန်စိတ်ဝင်စားစွာ နားထောင်နေသည်ကို တွေ့ရလိမ့်မည်။ ကြာတော့ သူပြောဖို့ အခွင့်မသာ။ ဆိုင်လာထိုင်သူတွေ ပြောသမျှကို ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရသော 'နားထောင်သူ' ဖြစ်၍လာတော့၏။ ဘသန်းတင်ကတော့ သူ့သျှောင်ထုံးကို ဆီမွှေးသ၍ ဆေးတံကြီးခဲကာ အရှေ့တောင်အာရှတိုက်တစ်တိုက်လုံးကို လုပ်ကျွေးနေရသည့် မျက်နှာပေါက်ဖြင့် ငွေသိမ်းလျက်။ ပီတာဇော်မြင့်ကတော့ လာသမျှလူတွေပြောသမျှစကားကို နားထောင်လျက်။

× × ×

[စကားချပ်။ ။ ဝတ္ထုတစ်ပုဒ်တွင် ခေါင်းစဉ်သည် လွန်စွာအရေးကြီးသော တာဝန်ကို ထမ်းဆောင်သည်ဟူသော သုခမိန်များ၏အဆိုရှိ၏။ ပီတာဇော်မြင့် အခုထိမရူးသေး။ လက်ဖက်ရည်ဆိုင်ဖွင့်၍၊ စီးပွားတိုးတက်၍ ရုပ်ဝတ္ထုအခြေအနေတွေ အလွန်ကုံလုံကြွယ်ဝလာသော်လည်း ပီတာဇော်မြင့် စိတ်အခြေအနေ ယိုယွင်းတိမ်းဖည်၍ ရူးသွားသည်။ ဘာကြောင့်လဲ၊ ဘယ်လိုလဲ၊ ဘယ်တော့ ရူးမလဲ။

ဝတ္ထုတိုဆိုသည်မှာ ဝတ္ထုရှည်မဟုတ်၍ တိုရသည်ဟု ဆရာတို့ဆိုမိန့်ကြ၏။ တိုတိုနှင့် လိုရင်းကို ဒိုင်းခနဲ 'ရေနိုးကား' နောက်က ဝင်တိုက်လိုက်သလို ပန်းတိုင်ကို အရောက်ပို့ရသည်ဟုလည်း မိန့်ဆိုကြ၏။ ဆရာ့ဆရာတို့ လျှာအရိုးမရှိ ပြောခဲ့ကြသောကြောင့် ဝတ္ထုတိုဆရာတို့က အဆုံးသတ်မှာ ပညာကုန်ဖွင့်၍ နင့်ခနဲခံစားရအောင် ဇာတ်သိမ်းလေ့ရှိ၏။

အခုလည်း ပီတာဇော်မြင့် ဘယ်လိုရူးမလဲ၊ ဘယ်လိုလှည့်မလဲ၊ မြှုပ်ကွက်ကို ဘယ်လိုမြှုပ်ပြီး ဘယ်နေရာမှာ ဖော်မလဲ။ ဝတ္ထုဆုံးသွားပြီးသည်အထိ စာဖတ်သူရင်ထဲမှာ ငြိကျန်အောင် ဘယ်လိုအတတ်ပညာနဲ့ ဖမ်းမလဲ။ ဘဝင်ကို အကုန်မချဘဲ ရသကို တိုးလိုတန်းလန်းဖြစ်အောင် ဘယ်လိုထားခဲ့မလဲ။ ဘာညာသာရကာ၊ ဘာပဲဖြစ်ဖြစ် ပီတာဇော်မြင့် ရူးကို ရူးရတော့မည်။ ဝတ္ထုဆက်ပါမည်။ ပီတာဇော်မြင့် ရူးသွားစေ။]

ပီတာဇော်မြင့် ရူးသွားပြီ။ သူ့အချစ်ဆုံးသူငယ်ချင်း ဘသန်းတင်က စိတ်မကောင်းခြင်းကြီးစွာဖြင့် မောင်ပီတာကို တံတားလေး စိတ်ရောဂါ

mgyoe.com

အထုပ်ကု ဆေးရုံကြီးသို့ တင်လိုက်ရ၏။ လိုအပ်သောကိစ္စများ ဆောင်ရွက်ပြီးသည့်နောက် အခန်းထဲမှာ ကျန်ရစ်သော သူငယ်ချင်း မောင်ပီတာကို နောက်ဆုံးအကြိမ် ကြည့်လိုက်၏။ ဘသန်းတင်၏ မျက်လုံးထဲမှာ မျက်ရည်ဝဲနေသည်။ မုံရွာမြို့ ဗုဒ္ဓဘာသာကျောင်းကတည်းက အတူနေခဲ့သော သူ့အချစ်ဆုံးသူငယ်ချင်း။ အမြဲတမ်း ပျာယာပျာယာ အလုပ်ရှုပ်နေသော သူငယ်ချင်း။ မရှိအတူ ရှိအတူ အေးအတူပူအမျှဘဝသက်တမ်းတစ်ဝက်ကျိုးလုနီး တွဲခဲ့သော သူ့သူငယ်ချင်း မောင်ပီတာကို သူ လက်တွဲဖြုတ်ခဲ့ရပြီ။

ခေါင်းတညိတ်ညိတ်နှင့် ပြုံးကာရယ်ကာဖြင့် စကားတွေ တတွတ်တွတ်၊ တိုးတိုးတိုးတိုး ပြောနေသော ပီတာဇော်မြင့်ကို ရီဝေ ကြေကွဲစွာကြည့်၍ ပလတ်စတစ်အိတ်နှင့်ထည့်ထားသော ချိုပေါ့ကျလက်ဖက်ရည်ပါဆယ်တစ်အိတ်နှင့် အနည်းငယ် တွန့်ကြေနေသော ဒူးယားစီးကရက်တစ်လိပ်ကို လှမ်းပေး၏။ ပီတာဇော်မြင့်က ငေးကြောင်စွာကြည့်ပြီး ရုတ်တရက် ပြုံးကာ လှမ်းယူသည်။ ကျေးဇူးတင်ပါတယ် အန်ကယ်ဟု ရည်မွန်စွာပြော၏။ ထို့နောက် တစ်ဖက်လှည့်ကာ တိုးတိုးတိုးတိုး စကားတွေ ဆက်ပြောနေ၏။

ဘသန်းတင် ချာခနဲလှည့်၍ထွက်လာခဲ့သည်။ သူ ဘယ်သွားရမလဲ မသိသေး။ သူငယ်ချင်းအတွက်တော့ စိတ်အေးရပြီ။ သူ တာဝန်ကျေခဲ့ပြီ။ နေရစ်တော့ သူငယ်ချင်းရယ်။ ဘသန်းတင် ပါးပြင်ပေါ်မှာ မျက်ရည်တစ်ပေါက် လိမ့်ဆင်းကျလာ၏။ သူ သုတ်မပစ်၊ လှည့်မကြည့်၊ ဆက်လျှောက်လာခဲ့၏။

× × ×

ပြီတာဇော်မြင့် ရှူးသွားပြီ။ ဝတ္ထုပြန်းတိုင်ရောက်ပြီ။ ခေါင်းစဉ်နဲ့လည်းကိုက်ညီပြီ။ သို့သော် 'လက်ဖက်ရည်ဆိုင်ဖွင့်၍'ဆိုသော စကားက တန်းလန်းကျန်နေသည်။ ဘာဆိုင်သလဲ အတွေးဆက်စရာရှိလာသည်။ ပေါက်ကရလေးဆယ် အဓိပ္ပာယ်မရှိ၊ အကျိုးအကြောင်း မဆက်စပ်ဟု ပညာရှိများ ကဲ့ရဲ့ဖွယ်ဖြစ်လာ၏။ ထို့ကြောင့် ဝတ္ထုကို မပြီးစေသေးဘဲ ဆက်ပါဦး

mgyoe.com

mgyoe.com


မည်။ ဆက်ရေးရာတွင် ဇာတ်ကောင်ပြောစကား (Dialouge) နှစ်ခုဖြင့် ဆက်ပါမည်။ တစ်ခုက ဆေးရုံမှာ ပီတာဇော်မြင့်ကို သွားတင်စဉ် ဘာဖြစ်လို့လဲဟု တာဝန်ကျဆရာဝန်မကလေးက မေးသောအခါ ဘသန်းတင်က ပြန်ဖြေသော ပြောစကား ဒိုင်ယာလော့။ နောက်တစ်ခုက ရူးသွားပြီးသည့်နောက် တစ်ယောက်တည်း တိုးတိုးတိုးတိုးနှင့် ထပ်တလဲလဲပြောနေသော ပီတာဇော်မြင့်၏ ပြောစကား ဒိုင်ယာလော့။ ဝတ္ထုတိုအင်္ဂါရပ်မှာ ဇာတ်ဆောင်စရိုက်ဖော်သောအခါမှာ ဒိုင်ယာလော့ကလည်း အရေးကြီးသည်ဟု ဆရာများ ဆိုမိန့်ခဲ့ကြသည်နှင့်အညီ ဒိုင်ယာလော့ခ်နှစ်ခုကို စာဖတ်သူ ရှင်းအောင် နံပါတ်စဉ်ထိုး၍ ဆက်ရေးပါဦးမည်။)

၁။ "လက်ဖက်ရည်ဆိုင်မှာ လာထိုင်တဲ့လူတွေ နေ့စဉ်ပြောကြတဲ့ စကားတွေ နားထောင်ပြီး အခုလိုဖြစ်သွားတာပါပဲ ဒေါက်တာ"

၂။ "အေးဗျာ... စိတ်မကောင်းပါဘူး။ ကျွန်တော်လည်း ဘာမှမတတ်နိုင်ဘူး။ ကဲ ကဲ လုပ်ဗျာ ... လက်ဖက်ရည်သောက်၊ ဒူးယားသောက်။ ဟဲဟဲ ... ကျွန်တော် ဒါပဲ တတ်နိုင်တယ်လေ။ လုပ်ဗျာ၊ လက်ဖက်ရည်သောက်၊ ဒူးယားသောက်။ အေးဗျာ ... စိတ်မကောင်းပါဘူး။ ကျွန်တော်လည်း ဘာမှမတတ်နိုင်ဘူး။ ကဲ ကဲ လုပ်ဗျာ ... လက်ဖက်ရည်သောက်၊ ဒူးယားသောက်၊ ဟဲဟဲ .. ကျွန်တော် ဒါပဲတတ်နိုင်တယ်လေ။ အေးဗျာ ... စိတ်မကောင်းပါဘူး"

ဇော်ဇော်အောင် (ဇန်နဝါရီ၊ ၁၉၈၇)
**ချယ်ရီမဂ္ဂဇင်း၊ အမှတ် ၃၄၊ မေ၊ ၁၉၈၇။**

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com


## ပီတာဇော်မြင့်ထံမှာ လာယူပါ

ပီတာဇော်မြင့်သည် တောင်ပိန္နဲပင်ကြီး အောက်ခြေတစ်နေရာတွင် ရပ်လိုက်၏။ သူ့လွယ်အိတ်ထဲမှ ပလတ်စတစ်အခင်းကို ထုတ်သည်။ ခေါက်ထားသည်ကို ဖြန့်၏။ ထို့နောက် ပင်ခြေရင်းတွင် ချခင်းသည်။ နောက်ထပ် ပလတ်စတစ်စတစ်စကို ထုတ်ပြန်၏။ အသေအချာ ဖြန့်သည်။ သူ့ဂျင်းဂျာကင်အိတ်ဆောင်ထဲက နှိပ်သံမှိုကလေးတွေ ထုတ်၏။ နောက်က တောင်ပိန္နဲပင်ကြီး၏ ပင်စည်တွင် ဒုတိယ ပလတ်စတစ်ကို ဖြန့်၍ သံမှိုများနဲ့ နှိပ်တွယ်ကပ်လိုက်သည်။ ဆိုင်းဘုတ်တစ်ခု။

စာပေအနုပညာနယ်မှာ အတော်ဆုံး ဖြစ်ကြောင်း....

ထောက်ခံချက်များကို ပေးနေသည်။ အမြန်လာယူပါ။

(ပုံ)ပီတာဇော်မြင့်

.... ဟူသော စာတန်းကို ပလတ်စတစ်အဖြူပေါ်မှာ အနီစာလုံးများနှင့်ရေးထား၏။

ထို့နောက် ပီတာဇော်မြင့်သည် လွယ်အိတ်ထဲက စာရွက်တစ်ထပ်ကို ထုတ်ယူ၏။ ဘောပင်ကို ထုတ်ယူ၏။ ပလတ်စတစ်အခင်းပေါ်မှာ အသေအချာ ချထား၏။ ထို့နောက် လွယ်အိတ်ထဲက ဂျိုးသိန်းဆေးပေါ့လိပ်နှင့် မီးခြစ်ကို ထုတ်၍ အသေအချာ တင်ပျဉ်ချိတ် ထိုင်လိုက်သည်။ မီးညှိ

mgyoe.com

mgyoe.com


ဖွာလိုက်၏။ အရသာခံ၍ မှိန်းလိုက်၏။ အား… ရသပါပဲ။

"ဟီတ်ကောင်"

အား… လန့်လိုက်တာ။ (မှတ်ချက်။ ။ ဤနေရာမှစ၍ ဝတ္ထု၏ ဇာတ်ကြောင်းပြန် စာသားများနှင့် သိစိတ်အလျဉ်တို့ ကွဲပြားစေရန် အလို့ငှာ သိစိတ်အလျဉ်များကို ကွင်းစကွင်းပိတ်နှင့် ဖော်ပြသွားပါမည်။ ဝတ္ထုရေးသူ)

ဘယ်က ဘယ်လို ရောက်လာသည်မသိ။ ဂျိုးသိန်း မှိန်းနေတုန်း လူကြီးတစ်ယောက် ဖြုန်းခနဲ သူ့အနားရောက်လာ၍ ပီတာဇော်မြင့် လန့်သွားသည်။ (ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ဆိုတာများလား၊ ငါမြင်ဖူးသလိုလိုပဲ၊) လူပုံ ခပ်ပိန်ပိန်၊ အရပ်မြင့်မြင့်၊ မျက်လုံးများ စူးရှတောက်ပြောင်၍ အတွင်းအား ထိပ်တန်းအဆင့်ရှိပုံရသည်။ မျက်နှာထား ပြတ်သားတင်းမာလှ၏။ တစ်စုံတစ်ရာကို မဆုတ်မနစ် ရှုပ်ရှုပ်ချွံချွံ လုပ်တတ်သော တိဟိတ်ပုဂ္ဂိုလ်မျိုး၏ ပြတ်သားမှု၊ ထင်မိထင်ရာ လုပ်တတ်မှုတို့ကို သူ့မျက်နှာပေါ်တွင် တွေ့ရ၏။

"ဟီတ်ကောင်"

"ခင်ဗျာ"

"မင်းက ဘာကောင်လဲ"

(ဟာ၊ ဘာရောဂါပါလိမ့်၊ ငါ့ဘာသာ သစ်ပင်အောက် လာအကြံအဖန်လုပ်နေတာ၊ ဘယ်က ဦးနှောက်အမှေးရောင်ပုဂ္ဂိုလ်ကြီးနဲ့ လာတွေ့ပါလိမ့်၊ အမယ်လေး ထိုင်ရတာ ကြာလို့ ခြေကျဉ်လိုက်တာ၊ အဲ ဟိုကောင်မလေးက အိပ်တီဖိုက်ကေနဲ့ပါလား)

"ခင်ဗျာ၊ ကျွန်တော် ပီတာဇော်မြင့်ပါ'

"မင်းက ဘာကောင်မို့ ကြီးကြီးကျယ်ကျယ် ထောက်ခံချက်တွေ ပေးနေတာတုံး၊ မင်းက ဘာကောင်မို့တုံး"

"ဟဲ… ဟဲ၊ ကျွန်တော် ပီတာဇော်မြင့်ပါ ခင်ဗျ"

"မင်းက ဘယ်လောက်တတ်လို့တုံး"

"ဟဲ… ဟဲ၊ ကျွန်တော် ပီတာဇော်မြင့်ပါ ခင်ဗျ"

"မင်း ဆေးမှားဆက်မွန် သိသလား"

mgyoe.com

mgyoe.com


"ဟဲ… ဟဲ၊ မသိပါဘူးခင်ဗျ"

"မင်း… အီးအမ်ဖော်စတာ သိလား၊ တော်လစတွိုင်း သိလား၊ ဘာထရင်ရပ်ဆယ်သိလား၊ ချစ်ဦးညိုသိလား"

"ဟဲ… ဟဲ မသိပါဘူးခင်ဗျ"

(ဟာ ဟိုကောင်မလေး ကားလမ်း အရှမ်းဖြတ်ကူးတာ ကံကောင်းလို့၊ လုံချည်တိုတိုကလေး ဝတ်ထားတာ လှလိုက်တာ။ ရသပဲ။ လူကြီးကလည်း ဘာတွေ လာရွတ်ဆိုနေပါလိမ့်)

"မင်း ရှင်မဟာသီလဝံသ သိလား၊ ရှင်ဥတ္တမကျော် သိလား၊ ရှင်တာရီအာဘေး သိလား"

"ဟဲ… ဟဲ၊ မသိပါဘူးခင်ဗျ"

(ဘာရောဂါလဲ မသိဘူးနော်၊ ဟာ ဟိုကောင်မလေး ခြေချင်းဝတ်မှာ ရွှေကြိုးသေးသေးကလေး ဝတ်ထားတယ်၊ အမယ်… သူ့ဖိနပ်က ဝါကားဖိနပ်ပါလား၊ ဦးမိုးသူရဲ့သား ကိုပန်းသီးဆိုင်မှာ နှစ်ရာကျော် ပေးရသတဲ့ ဒုက္ခပါပဲ။)

"ဝတ္ထုအကြောင်း မင်း ဘာသိလဲ၊ ကဗျာအကြောင်း မင်း ဘာသိလဲ"

"မသိပါဘူး ခင်ဗျာ"

"မင်းသိတာ ဘာရှိလဲ"

(ကျွန်တော် သိတာက ခင်ဗျားဟာ နိုင်ငံတကာ ဘဝင်ကြီးပဲ)

"မရှိပါဘူးခင်ဗျ"

"ဘာမှမသိဘဲနဲ့ မင်းက ကြီးကြီးကျယ်ကျယ် ထောက်ခံစာတွေ ဘာတွေ ပေးလို့၊ မင်းလိုကောင် ပြောရဆိုရတာ ငါ့ပါးစပ်ဖျားနဲ့မတန်ဘူး၊ ပေးစမ်း၊ ထောက်ခံစာ"

"ဗျာ၊ ဗျာ"

"ထောက်ခံစာကွ၊ မင်းသိရဲ့လား၊ ဝတ္ထုအကြောင်း ငါ နားအလည်ဆုံး၊ အသိဆုံး၊ ကဗျာဆိုရင်လည်း သူများတွေ မမြင်တာတွေ၊ လူတိုင်း မမြင်တဲ့ အချက်တွေကို ငါ အရသာရှိရှိခံစားတတ်တယ်"

"ဟုတ်"

"ဒဿနိကဗေဒဆိုရင် ငါက သူများတွေကို သင်ကြားပို့ချလာတာ"

mgyoe.com

mgyoe.com


"ဟုတ်"

"မြန်မာစာရော၊ အင်္ဂလိပ်စာရော မှတ်နေအောင် စွယ်စုံရတဲ့သူ"

"ဟုတ်"

(ကျွန်တော်တို့ ရန်ကုန်က လက်ဖက်ရည်ဆိုင်တွေမှာတော့ ကော်ဖီရော၊ လက်ဖက်ရည်ရော တစ်ပြိုင်နက် မှာရင် ဘယ်ညာလို့ ခေါ်ပါတယ် ဆရာကြီးရယ်။)

"မင်းလို ကောင်ကလား ငါ့လိုလူကို"

"အာ.. အာ... ဆရာကြီးကို ကျွန်တော် ဘာမှ မပြောဝံ့ပါဘူး"

"ကိုယ်နဲ့ တန်ရာတန်ရာ လုပ်ပါကွ၊ ကြီးကြီးကျယ်ကျယ်ထောက်ခံစာတွေဘာတွေ ပေးရအောင် မင်းက ဘာကောင်တုံး"

"ဟဲ... ဟဲ ကျွန်တော် ပြောပြီးပါပြီ ဆရာကြီးရယ်၊ ပီတာဇော်မြင့်လေ၊ ဟဲ... ဟဲ"

"တောက်... ငါတီးမိတော့မယ်၊ ရေးစမ်း၊ ငါအတော်ဆုံးဆိုတဲ့ ထောက်ခံချက်၊ ငါ... တယ် မပြောချင်ဘူး"

"ဟုတ်... ဟုတ်ကဲ့ပါ ဆရာကြီး"

ပီတာဇော်မြင့်သည် အလွန်ရိုသေလေးစား၊ ကြည်ညိုသော အမူအရာဖြင့် ဝတ္ထု ကဗျာ ဘယ်ညာ စွယ်စုံရသော သိုင်းလောက ဦးသျှောင်၊ အဲ... စာပေလောက ဦးသျှောင်၊ အတော်ဆုံး ဆရာကြီးဖြစ်ကြောင်း ထောက်ခံချက်ကို လက်ရေးလှလှ ကြီးကြီးရေး၍ ပီတာဇော်မြင့်ဟု လက်မှတ်ကြီးကြီး ထိုးကာ ဆရာကြီးအား လက်နှစ်ဖက်ဖြင့် ရိုရိုသေသေ လှမ်းပေးလိုက်၏။

"တောက်"

(အာ... နောက် တစ်မိနစ်လောက် ကြာရင် ငါ့ကို သတ်သွားလိမ့်မယ် ထင်တယ်၊ တယ် ဒေါသကြီးတဲ့ ပညာရှိကြီး၊ တစ်မျိုးကြီးပဲနော်။)

ဆရာကြီးသည် စောင်းကန်းစောင်းကန်း၊ မြောက်ကြွ မြောက်ကြွနှင့် ထွက်ခွာသွား၏။ ပီတာဇော်မြင့်သည် အရှေ့တောင်အာရှတွင် အလှဆုံး အပြုံးကလေး ပြုံး၍ ကျန်ရစ်သည်။

× × ×

mgyoe.com

mgyoe.com

"ဒီမယ် ကိုယ့်လူ"

(အာ လာပြန်ပဟ။ မန္တလေးအညာတိုင်းက ကဗျာသိုင်း အကျော် အမော်ပါလား။ အင်း အတွင်းအား အတော်ကောင်းပုံပဲ။ သူလာတာ ငါ မသိလိုက်ဘူး။ ကိုယ်ဖျော့ပညာကလည်း ထိပ်တန်းအဆင့်ပါလား)

"ခင်... ခင်ဗျာ"

"ကိုယ့်လူက ထောက်ခံချက်တွေ ပေးနေတယ်ဆို"

"ဟုတ်"

"ကျုပ်ဟာ ထမင်းတစ်လုတ်အတွက် ထင်းခုတ်စားနေတဲ့ ကဗျာ ဆရာပါ။ ကဗျာဆရာပါ"

"ဟုတ်"

"မြန်မာပြည်မှာ အတော်ဆုံးကဗျာဆရာခြောက်ယောက်ကို ခင်ဗျား သိလား"

"ဟဲဟဲ မသိပါဘူးခင်ဗျ"

(အတော်ဆုံး ကဗျာဆရာခြောက်ယောက်တဲ့။ ငါသိတာကတော့ ဆင်ကို လက်နဲ့စမ်းတဲ့ မျက်မမြင်ပုဏ္ဏားခြောက်ယောက်ပဲ သိတယ်။)

"တကယ်တမ်း ပြောရရင်တော့"

ပီတာဇော်မြင့်သည် အလွန်ပါးသော အကောင်ဖြစ်၏။ ဘာပြောချင် သလဲ သိလိုက်ပြီ။ အမဲဆီရယ်၊ ဘောစိရယ်၊ ဘီးလုံးရယ်၊ ကုန်းစောင်း ရယ်။ သင်္ကေတနိမိတ်ပုံ လေးခုပေါင်း၍ ကောင်းချီးသြဘာပေးလိုက်သည်။

"ဟာ ဆရာရယ်၊ တကယ်တမ်းပြောရရင် ဆရာတစ်ယောက်တည်း ရှိတာပါ။ ဆရာ ဖြတ်သန်းလာခဲ့ရတဲ့ ကဗျာခရီးက နည်းနည်းနောနော မဟုတ်ဘဲ"

"ကျုပ်က ကဗျာ မာရသွန်ခရီးကို ဖြတ်သန်းပြေးလွှားလာခဲ့ရသူပါ"

"ဟုတ်တာပေါ့ဆရာရယ်၊ ကျန်တဲ့ ငါးယောက်က အသာခေါက် ထားပါ။ ဆရာဟာ ကဗျာ ရေစီးကြောင်းရဲ့ မြစ်ညာအရပ်မှာ ရဲရင့်တက်ကြွ ဝင့်ကြွားပြောင်မြောက်စွာ ကဗျာ့ဗိမာန်တွေ ခင်ဗျားအလံတွေ လွှင့်ထူပြီး ကဗျာမာရသွန် ခရီးရှည်ကြီးကို ဟဲဟဲ ဆရာတစ်ယောက်တည်းရယ်နော်"

(ဟူး မောလိုက်တာ၊ ဘီယာအေးအေးကလေး တစ်လုံးလောက်

mgyoe.com

mgyoe.com


သောက်... သောက်)

"ဖောက်ပြန်တဲ့ ကဗျာအယူအဆ နဲ့အိုင်ထဲက ရဲရင့်တက်ကြွ ပြည်သူ့ဘဝနဲ့ တစ်သားတည်းကျတဲ့ ကဗျာ့သရုပ်မှန် ကြာဖြူပန်းတစ်ပွင့် ဟာ ဘယ်သူမှတ်သလဲ၊ ရဲရဲတွေးကြည့်၊ ဒီမယ် ကိုယ့်လူ ကျုပ်ပဲဗျ"

"ဆရာရယ် ဒီစကားတွေက ကဗျာတစ်ပုဒ်ပါပဲ"

"သည်တော့ ကျုပ်တစ်ယောက်တည်းအတွက် ကဗျာအတော်ဆုံး ထောက်ခံချက် ရေးပေးပါ။ ကျုပ်တစ်ယောက်တည်း အတွက်နော်"

"ဟုတ် ဟုတ်... ဟုတ်ကဲ့ဆရာရယ်"

ပီတာဇော်မြင့်သည် အထက်ပါအတိုင်း ထောက်ခံချက်ကောင်း ကောင်း ရေး၍ ပေးလိုက်၏။ ထိုပုဂ္ဂိုလ်လက်ထဲက အရိုးတောင်း လက်ဖက် အကြော်စုံအိတ်နှင့် တင်တင်အေး ထိုးမုန့်ထုပ်ကို သူ့များ ပေးခဲ့လေမလား ဟု ပီတာဇော်မြင့် မျက်စောင်းထိုးကြည့်၏။

"သည်မယ် ကိုယ့်လူ၊ ကိုယ့်လူ ကျုပ်တို့အညာမှာ ကျောင်းနေဖူး လား"

"ဆရာရယ် ကျွန်တော် လဖုံးကျောင်းထွက်၊ ကျုံးရေသောက်ပြီး ကြီးခဲ့တဲ့ ဘူမိနက်သန် အရပ်က လူပါ"

"ကိုယ့်လူ ဒါကြောင့် ပီတာဆိုတဲ့ နာမည်မှည့်ထားတာကိုး၊ မဆိုး ဘူး၊ ကျုပ်တို့ဒေသနဲ့ ပတ်သက်ဖူးတော့ ကိုယ့်လူလည်း လူတော်ဖြစ်မှာပဲ"

"ဟုတ်ကဲ့ ဆရာ"

"ဒါပေမဲ့ ပီတာဆိုတဲ့ နာမည်က အရင်းရှင်ကိုလိုနီအငွေ့အသက် တော့ ပါနေတယ်ဗျ"

"ဟုတ်"

"ကဲ... ကျုပ်သွားမယ်၊ ရန်ကုန်က လူတွေပြောလိုက်ပါ။ ကဗျာ တာဝေး အပြေးသမား နှစ်ဆယ့်ခြောက်မိုင်ခရီးရှင် ကျုပ်အတော်ဆုံးလို့"

"ဟုတ်... ကဲ့ ဆရာ"

ထိုပုဂ္ဂိုလ်သည် ရုတ်ခနဲ အပြေးထွက်သွား၏။ ပီတာဇော်မြင့် နားထဲ မှာ မြပန်းဂီရိ ယိုးဒယားသီချင်းသံလိုလို ကြားနေ၏။

(ဟဲ... ဟဲ... ဗျစ်ထူတွေ၊ ငါ့နာမည် ပီတာကို အင်္ဂလိပ်စကားလုံး

mgyoe.com

mgyoe.com


မှတ်နေတာ၊ တကယ်အမှန်က ပီတာဆိုတာ ပါဠိစကားလုံး၊ ဒီကောင်တွေ မသိတော့ ခံပေဦးပေါ့၊ ဟာ... ဟိုကောင်မလေး လှလိုက်တာ၊ အင်း.. ရသပဲ။ ငါ့ဂျိုးသိန်းဆေးလိပ် ဘယ်ရောက်သွားပါလိမ့်။ ဂျိုးသိန်းဆေးလိပ်များ တယ်မီးသေတာပဲနော်။)

× × ×

ဝတ္ထု ဤနေရာတွင် ဆုံးလိုက်တော့မည်။ (မှတ်ချက် ဤအပိုဒ်မှစ၍ စာရေးသူက စာဖတ်သူအား လက်တို့ပြီး ဝင်ပြောသောစကားများ ဖြစ်၏။ ဂန္ထဝင်မြောက် ဝတ္ထုများတွင် ဤနည်းကို မသုံးကြတော့။

သို့သော်လည်း ဤတက်ကနစ်သည် လွယ်သောကြောင့် သုံးလိုက်ရသည်။ ဝတ္ထုရေးသူ) အမှန်စင်စစ် ဝတ္ထုက မဆုံးသေး။ လာကြလိမ့်ဦးမည်။

စာပေအနုပညာနယ်မှာ ငါအတော်ဆုံးဟူသော ထောက်ခံချက်လိုချင်သူတွေ တစ်ပုံကြီးကျန်သေး၏။ လာတောင်းကြလိမ့်ဦးမည်။

အမှန်စင်စစ် ပီတာဇော်မြင့်ဆိုသော အကောင်သည် ရှစ်တန်းတောင်မအောင်။ အနုပညာနယ်မှာ အတော်ဆုံးထောက်ခံချက်ကို မိုက်မိုက်ကန်းကန်း ပေး၍ ဝင်တွမ်သည်။


ပညာတို့ဖြင့် လေးလံကိုင်းညွတ်နေသော ပုဂ္ဂိုလ်ကြီးတွေပင်ဖြစ်လင့်ကစား သတိသမ္ပဇဉ် ကင်းလွတ်၍ ဘာမျှမဟုတ်သော ပီတာဇော်မြင့်လိုအကောင်ထံ လာတောင်းကြသည်။ ပီတာဇော်မြင့်က အရှက်မရှိပေမယ့်သူတို့ကတော့ အရှက်တတ်သား။

ထောက်ခံချက်လည်း လိုချင်သေး၊ အပေါ်စီးကလည်း ဟောက်သေး။ ကျွန်ုပ်၏ ဇာတ်လိုက် ပီတာဇော်မြင့်ကတော့ တောင်ပိန္နဲပင်အောက်မှာ မိုနာလီဇာ အပြုံးကလေးနှင့် ထောက်ခံချက် လာတောင်းမည့်သူများကို စောင့်မျှော် ကြိုလင့်... နေဆဲ... နေဆဲ။ ။

mgyoe.com

mgyoe.com





mgyoe.com

mgyoe.com

# မေခလာနှင့် ပီတာဇော်မြင့်

(မူလက ဤဝတ္ထုတိုကို ပေးထားသောခေါင်းစဉ်မှာ **“ဇာတ်လမ်းတစ်ပုဒ်ကို ရှာဖွေနေသော ဇာတ်ဆောင်နှစ်ယောက်နှင့် ဇာတ်ကွက်တစ်ကွက်”**ဟူ၍ဖြစ်ပါသည်။ Two Characters and One Plot, Searching for a Story ဟုလည်း ပြောလို့ရပါသည်။ သို့သော် ထိုခေါင်းစဉ်ကို ပေးရဲသောသတ္တိမရှိသောကြောင့် ပြောင်းလိုက်ရပါသည်။ စာရေးသူ)

**ဇာတ်ဆောင်–တစ်**

ဆရာကြီး ဦးဖိုးတည်။ ပညာများဖြင့် ပြည့်ဝစွာ လေးလံကိုင်းညွတ်နေသော ပုဂ္ဂိုလ်ကြီး။ တောင်တစ်လုံး၏ထိပ်မှာနေသည်။ အရာရာကို လေးနက်စွာ စဉ်းစားတတ်၏။ အတွေးအခေါ် ထက်မြက်သည်။ တစ်စုံတစ်ရာကို ယုံကြည်မိလျှင် ထိုယုံကြည်မိသည့်အတိုင်း မပြောင်းမလဲ၊ မဖောက်မပြန်၊ တိကျစွာ လိုက်နာကျင့်ကြံ ပြောဆိုပြုမူတတ်သူဖြစ်၏။ အစစအရာရာ ချင့်ချင့်ချိန်ချိန် ရှိ၏။ ထိုဆရာကြီးသည် နေ့စဉ် နံနက်အိပ်ရာထတွင် သူနေသော တောင်ထိပ်မှ အရှေ့ဘက်သို့ မျက်နှာမူ၍ ဤလောကကမ္ဘာမြေတွင် သစ်ပင်၏အမြစ်သည် မြေကြီးထဲမှာရှိ၏။ ပင်စည်သည် အရင်းတုတ်၍ အဖျားရှူးသွား၏။ အကိုင်း၊ အခက်၊ အရွက်၊ အပွင့်

mgyoe.com

mgyoe.com


များသည် အပေါ်ဘက်တွင်ရှိ၏။ အဖျားဆုံး အကိုင်းအခက်များသည် အသေးဆုံးဖြစ်၏။ စသည်ဖြင့် သစ်ပင်၏သဘာဝ၊ သစ်ပင်နှင့်ပတ်သက်သော အမှန်တရားများကို တစ်လောကလုံးကြားအောင် သုံးကြိမ်တိုင်တိုင် ကြွေးကြော်လေ့ရှိ၏။ ထိုသို့ နေ့စဉ် ကြွေးကြော်သောကြောင့် လောကကြီးသည် သစ်ပင်နှင့်ပတ်သက်သမျှ ဗဟုသုတတို့ဖြင့် ပြည့်စုံကြွယ်၍ဝလာ၏။ ဤလောကကြီးအဖို့ သစ်ပင်နှင့်ပတ်သက်သော ဗဟုသုတများပြည့်စုံကြွယ်ဝလာရခြင်းမှာ ဆရာကြီး ဦးဖိုးတည်၏ ကျေးဇူးကြောင့်ဖြစ်၏။

## ဇာတ်ဆောင်–နှစ်

ပီတာဇော်မြင့်။ အလကားကောင်၊ ဆယ်တန်းတောင် မအောင်။ တောင်သမုဒ္ဒရာအလယ် ကျွန်းကလေးတစ်ကျွန်းပေါ်မှာ နေ၏။ အရာရာမှာ စပ်စပ်စပ်စပ်နှင့် ထင်ရာမြင်ရာလျှောက်လုပ်သူဖြစ်၏။ လုပ်သမျှ ဘာတစ်ခုမှ မဟုတ်။ ပေါက်ကရ ပြော၏။ ပေါက်ကရ ကြံစည်၏။ ပေါက်ကရ လျှောက်လုပ်၏။ ပမာအားဖြင့် သဘာဝကို ပြုပြင်မည်ဆို၍ သစ်ပင်များကို ဆွဲနုတ်ကာ အမြစ်ကို အပေါ်မှာထားပြီး ပြောင်းပြန်စိုက်၏။ သစ်ပင်တွေ သေကုန်သည်။ ကုန်းမြေပေါ်မှာ ငါးမွေးမည်ဆို၍ ငါးတွေကို ဖမ်းကာ ကုန်းပေါ်မှာမွေး၏။ ငါးတွေ သေကုန်သည်။ အိပ်နည်းအသစ်တီထွင်မည်ဆိုကာ မျက်စိကို ဖွင့်၍အိပ်၏။ အိပ်မရ။ မျက်လုံးတွေ ရောင်လာ၏။ ညကြီးမင်းကြီး ထပြီးထိုင်နေ မျက်လုံးတွေလည်း တွန့်ကြေမွလိပ်သိပ်စိတ်ညစ်တယ် ပီတာရယ်၊ ဤပုံစံ သုံးခုသည် အကင်းမျှသာ ရှိသေး၏။ ပီတာဇော်မြင့် ထင်ရာမြင်ရာ ရှုးကျားကျားလျှောက်လုပ်သည်ကို ရေး၍ ကုန်နိုင်စရာ မရှိ။

## ဇာတ်ကွက်တစ်ကွက်

ဆရာကြီး ဦးဖိုးတည် ရေနစ်နေသော ဇာတ်ကွက်။ ဦးဖိုးတည်နေသော တောင်ခြေရင်း သစ်ပင်တစ်ပင်တွင် ရှဉ့်ပေါကြီးတစ်ကောင်ရှိ၏။ ထိုရှဉ့်ပေါကြီးသည် နေရာအနှံ့လျှောက်သွား၏။ စပ်စပ်စုစုလည်း လုပ်တတ်၏။ တစ်နေ့တွင် ပီတာဇော်မြင့် ကျွန်းကလေးပေါ်မှာ သစ်ပင်တွေ

mgyoe.com

mgyoe.com


ပြောင်းပြန်စိုက်နေကြောင်း သိလာ၏။ ထိုအခါ တောင်ထိပ်တွင်နေသော ဆရာကြီး ဦးဖိုးတည်ထံသို့သွား၍ ပီတာဇော်မြင့် ဆိုသောကောင်သည် ဆရာကြီး မိန့်ကြားခဲ့သော သစ်ပင် သဘောတရားများကို ဆန့်ကျင်အရွဲ့ တိုက်ကာ သစ်ပင်တွေ ပြောင်းပြန်စိုက်နေသည်ဟု ရှဥ့်တို့ဘာသာစကားဖြင့် ကွိကြိကွိကြိသွားပြော၏။ ဆရာကြီး ဦးဖိုးတည် ဒေါသအကြီးအကျယ်ထွက်၏။ ပီတာဇော်မြင့်ဆိုသော အကောင်ကို နှိမ်နင်းချေချွတ်ရန်အလို့ငှာ တောင်ထိပ်ပေါ်မှ ဟူးဟူးရားရား ဆင်းလာ၏။ ပင်လယ်ကမ်းစပ်သို့ ရောက်သည်။ ပီတာဇော်မြင့်က ပင်လယ်ကို ဖြတ်ရန် ကမ်းစပ်သို့ ပြေးဆင်းသွား၏။ ဆရာကြီး ရေမကူးတတ်။ ကမ်းဦးရေတိမ်ပိုင်းမှာ ဆရာကြီး ဦးဖိုးတည် ရေနစ်ပါတော့သည်။

အယ်ဒီတာကိုအောင်ပြည့် ခင်ဗျား

"ချယ်ရီ"အတွက် "ဝတ္ထုရေးနည်း ဝတ္ထုကဏ္ဍ"မှာ ဝတ္ထုတိုတစ်ပုဒ်ရေးဖို့ ကျွန်တော် စဉ်းစားလိုက်တာ(အထက်ပါအတိုင်း) ဇာတ်ဆောင်နှစ်ယောက်နဲ့ ဇာတ်ကွက်တစ်ကွက် စဉ်းစားလို့ ရပါတယ်။ အဲဒါဗျာ ဝတ္ထုတို အတတ်ပညာ ဘာညာသာရကာပေါ့လေ။ ဆက်ရေးလို့ မရဘူး။ ချာလပတ်လည် ယမ်းနေတယ်။ ဝတ္ထုတိုရဲ့သဘောအရပေါ့ဗျာ။ ဇာတ်ပျိုး၊ ဇာတ်ခင်း၊ ဇာတ်တက်၊ ဇာတ်ထွက်ပေါ့။ အခု ဇာတ်ကွက်က ကျွန်တော် ထင်တယ်။ ဇာတ်ထွတ်ပိုင်း climax ဖြစ်မယ်ထင်တယ်။ အဓိက ဇာတ်ဆောင်က ရေနစ်နေတာကိုဗျ။ ခက်တာက ဝတ္ထုက ပုံကြမ်းသာရှိပြီး၊ ဝတ္ထုတို တစ်ပုဒ် ဖြစ်အောင် စည်းစည်းလုံးလုံး ဖွဲ့စည်းတည်ဆောက်ထားတာ မဟုတ်သေးတော့ တစ်မျိုးကြီး ဖြစ်နေတယ်။

ဒါပေမဲ့လည်း စိတ်ထဲမှာက အဓိကဇာတ်ဆောင်ဆရာကြီး ဦးဖိုးတည်ကို ရေနှစ်ပြီး သတ်မပစ်လိုက်ချင်ဘူး။ စာရေးဆရာက သူ့ဇာတ်ကောင်ကို သနားနေတယ်။ ဘာဆက်လုပ်ရမှန်း မသိတော့ဘူး။ အဲဒီလို စဉ်းစားရင်း စဉ်းစားရင်းနဲ့ ဇာတ်ကို ဖြေကြည့်လိုက်တယ်။ ဇာတ်ထွတ်ကနေ ဘယ်လိုဆင်းမလဲ။ ဘယ်လိုဖြေပြီး ဇာတ်သိမ်းကို ဘယ်လိုပို့ဆောင်မလဲ။ တော်တော်နဲ့ မရဘူးဗျာ။ နောက်ဆုံးတော့ မေခလာသွားသတိရတယ်။ ပင်လယ်သမုဒ္ဒရာကို စောင့်ကြပ်တဲ့ မြခါးစည်းရှင် မဏိမေခလာ

mgyoe.com

m gyoe.com

နတ်သမီး။ အဲဒါနဲ့ ကမ်းဦးရေတိမ်ပိုင်းမှာ ယက်ကန်ယက်ကန် ဖြစ်နေတဲ့ ဦးဖိုးတည်ကို သမုဒ္ဒရာနတ်သမီး မဏိမေခလာကက ကယ်ပြီး သူနေတဲ့ တောင်ထိပ်ပေါ် ပြန်ထားပေးလိုက်တယ်။ ဒါဆို မဆိုးဘူးပေါ့ဗျာ။ အဲဒါဖြစ်နိုင်ရင် ပြောပါတယ်။ ဒီဝတ္ထုတိုပုံကြမ်းကို ခင်ဗျားရေးပြီး ကျွန်တော့်နာမည်နဲ့ ခင်ဗျား မဂ္ဂဇင်းထဲမှာ ထည့်ပေးပါလားဗျာ။ စာမူခတော့ တစ်ယောက်တစ်ဝက်စီပေါ့။ အောက်ဆုံးက ဥပဒေသဆိုပြီး ထည့်ပေးဗျာ။ ဆန်းလည်းဆန်းသွားအောင်ပေါ့။ ဥပဒေသက (၁) ကိုယ့်နေရာမှာ ကိုယ်မနေလျှင် ရေနစ်တတ်သည်။ (၂) ကံကောင်းလျှင်တော့ မေခလာနှင့် တွေ့မည်... လို့။

တစ်ခုရှိသေးရဲ့။ ဝတ္ထုရဲ့ခေါင်းစဉ် သိပ်အရေးကြီးတယ်မဟုတ်လား။ ဝတ္ထုရဲ့လေးနက်မှု၊ ဒဿန ဘာညာတွေရဲ့ တာဝန်တစ်ဝက်လောက် ခေါင်းစဉ်က တာဝန်ယူတယ်လေ။ အဲဒါ တကယ်တော့ မေခလာနဲ့တွေ့တာ ဦးဖိုးတည်။ ပီတာဇော်မြင့်နဲ့ ဘာမှမဆိုင်ဘူး။ တွေ့လည်း မတွေ့ဘူး။ "မေခလာနှင့် ဦးဖိုးတည်"လို့ ဖြစ်သင့်တယ်မဟုတ်လား။ ဒါပေမဲ့ ကျွန်တော် သိတယ်။ ကျွန်တော် ဖန်တီးမွေးထုတ်လိုက်တဲ့ ပီတာဇော်မြင့်ဆိုတဲ့ကောင်ဟာ စတီရီယိုအဆိုတော် မေခလာကို သိပ်ကြိုက်တယ်။ ဘယ့်နှယ်လုပ် သိသလဲ မမေးနဲ့။ သိတော့ နေတာ အမှန်ပဲ။ သိနေရင်လည်း ဒီအတိုင်း နေပါလား။ ဘာလို့ စာရေးဆရာက ကြားဝင်ပြောရတာလဲ။ ဒါဟာ ဝတ္ထုတိုရဲ့ရသကို ပျက်စေတယ်လို့ ပြောလည်း မတတ်နိုင်ဘူးဗျာ။ ကျွန်တော့်ကောင် ပီတာဇော်မြင့်က မေခလာကို ကြိုက်တာ ကျွန်တော်သိတယ်။ "မေခလာနှင့် ပီတာဇော်မြင့်"လို့ပဲ ခေါင်းစဉ်တပ်လိုက်ပါတယ်။

ဒီမယ်... ကိုအောင်ပြည့်၊ ခင်ဗျားနဲ့ ကျွန်တော်နဲ့ သိခဲ့ကြတာ၊ ကျွမ်းခဲ့ကြတာ၊ ရင်းနှီးခဲ့ကြတာ ကြာပြီ။ ဟိုတုန်းက ခင်ဗျားက လှည်းတန်းဈေးရပ်မှာ နေတယ်။ ကျွန်တော်က ရှောက်ပင်ခြံမှာ နေတယ်။ ဦးချစ်ဆိုင်အတူထိုင်တယ်။ ငယ်ပေါင်းတွေပဲ။ ခင်ဗျားကျောင်းသားဘဝကတည်းက ပေါင်းလာခဲ့ကြတဲ့ ငယ်ပေါင်းတွေပဲ။ ကျွန်တော် နာမည်ကြီးဖို့အတွက် ခင်ဗျားမှာ တာဝန်ရှိတယ်။ ကျွန်တော့်ကို တင်ပေးဖို့၊ ပို့ပေးဖို့၊ စွတ်မြှောက်ပေးဖို့ ခင်ဗျားမှာ တာဝန်ရှိတယ်။ ခင်ဗျား စဉ်းစားပါဗျာ။ ကျွန်တော့်

mgyoe.com

mgyoe.com


ဝတ္ထုတိုပုံကြမ်းကို ခင်ဗျား ဆက်ရေးပြီး "ချယ်ရီ"မှာ ထည့်ပေးပါ။ ဆက်မရေးချင်လည်း ဒီအတိုင်း ပိတ်ထည့်လိုက်ဗျာ။ ပြီးရင် ကျွန်တော်ဟာ ဝတ္ထုတို တပ်မှူးကြီး၊ ဝတ္ထုတို မီးပြတိုက်ကြီး၊ ဝတ္ထုတို မိုးသောက်ကြယ်ကြီး... ဘာညာဆိုပြီး ကျွန်တော့်ဆရာ မောင်သစ်ကို ဆောင်းပါးရေးခိုင်းပြီး ထည့်ပေးဦးဗျာ၊ ဆရာမောင်သစ် မအားရင်လည်း ခင်ဗျား အယ်ဒီတာပဲ အဲဒီဆောင်းပါး ခင်ဗျားပဲ ရေးပြီးထည့်ဗျာ။ ကိုယ့်အချင်းချင်းတွေပဲ။ အချင်းချင်းမြှောက်ကြတာ ရှက်စရာမဟုတ်ပါဘူး။ အဲဒီလိုဆိုရင် ကျွန်တော်ကလည်း အောင်ပြည့်ဟာ မြန်မာပြည်မှာ အတော်ဆုံး မဂ္ဂဇင်း အယ်ဒီတာဆိုတဲ့အကြောင်း ကမ္ဘာလှည့် ပြောပေးမယ်။ နိပ်တယ်နော်။ ။

mgyoe.com

mgyoe.com



mgyoe.com